# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 29, 2024 Volume 84, Number 18


၂၉.၁၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၂.၃၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၉.၃၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၃.၂၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၉.၁၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၅၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၇၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၉ ကျပ် |

## အရန်ဆန် အိတ်ရေ ၈ သိန်း စုဆောင်းထားဟု MRF ဥက္ကဋ္ဌပြော



ပို့ကုန်အခြေပြုအရန်ဆန်စနစ်အရ ဆန်တင်ပို့သူတွေရဲ့ ပါဝင်မှုနဲ့ အရန်ဆန်အိတ်ရေ ၈ သိန်းခန့် စုဆောင်းထားရှိပြီးဖြစ်ကြောင်း နိုဝင်ဘာ ၂၇ ရက်က မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်ရုံးမှာပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင်မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ( MRF ) ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

“ ပို့ကုန်ဆန် ၁ တန် ပို့တိုင်း၊ ပို့တိုင်းမှာ ဆန် ၁ အိတ် ၁ တန်၊ ၁ အိတ် ဆန်စပါးကဏ္ဍမှာရှိတဲ့ပို့ကုန်လုပ်ငန်းရှင်တွေရဲ့ပါဝင်မှုနဲ့ဆောင်ရွက်ထားပါတယ် ” ဟု ၎င်းကပြောသည်။

အရန်ဆန်တွေစုဆောင်းထားခြင်းကြောင့် လိုအပ်ချက်ရှိလာပါက ပရဟိတအသင်းအဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များ၊ စက်ရုံအလုပ်ရုံတွေထံ ရောင်းချပေးလျက်ရှိသည်။

“ဆန်စပါးအသင်းချုပ်က စီးပွားရေးလုပ်တဲ့ အဖွဲ့အစည်းတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ လက်ရှိအခြေအနေကြောင့် ဈေးကွက်လိုအပ်ချက်ကြောင့်အရန်ဆန်ထဲကနေ ထုတ်ရောင်းပေးတာပါ”ဟု MRF ဥက္ကဋ္ဌက ပြောကြားသည်။

MRF အနေဖြင့် ယခုနှစ်မှာအရန်ဆန်သိုလှောင်မှုပမာဏကို တိုးမြှင့်လိုက်ပြီး အိတ်ရေ ၁ သန်း အထိ ကနဦးသိုလှောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်လာသည်။

သို့ဖြစ်၍ အရင်က ဆန် ၁ တန်ပို့လျှင် အရန်ဆန် ၁ အိတ်နှုန်း စုဆောင်းခဲ့သော်လည်း ယခုအခါမှာ ဆန် ၁ တန်ပို့လျှင် ၁ အိတ်ကနေ ၃ အိတ်အထိ အရန်ထားဖို့ ရည်ရွယ်ထားကြောင်းဆိုသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

" မြန်မာနိုင်ငံတစ်နိုင်ငံလုံး ဖြန့်ဖြူးဖို့အတွက် လိုအပ်ချက်က တစ်ပတ်တာအတွင်းအိတ် ၂ သိန်း၊ ၃ သိန်းလောက်နဲ့ ဈေးကွက်တည်ငြိမ်မှုကို ထိန်းလို့ရပါတယ်"ဟု ၎င်းကပြောသည်။

MRF အနေဖြင့် " ပြန်ရောင်းရန်အတွက် လာဝယ်မည့်သူတွေကိုလည်း စိစစ်ရကြောင်း တစ်အိတ်ကို ၇ သောင်းခွဲလောက်ဖြင့် ရောင်းချပေးသည့်ဆန်ဟာ အပြင်မှာ ၈ သောင်းခွဲလောက်ရှိကြောင်း ပြန်ရောင်းချင်သည့်သူတွေက ဈေးသက်သက်သာသာနှင့် လာဝယ်ပြီးတော့ ဈေးကြီးကြီးနှင့် ပြန်ရောင်းတာမျိုးမဖြစ်အောင် တစ်ဖက်ကထိန်းကျောင်းနေကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ကျပ်သန်း ၁၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၉ သန်းတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၉ ခု ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအတည်ပြု



စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှု ငွေကျပ် သန်း ၁၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၉ သန်းတန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၉ ခု ကို ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၁၁ /၂၀၂၄ ကြိမ်မြောက် အစည်းအဝေးတွင် အတည်ပြုခဲ့ခြင်းဖြစ်သည်။


စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍတို့တွင် ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁ ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈ ခုတို့ကို အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ အတည်ပြုခဲ့သည့် လုပ်ငန်းများမှာ CMP စနစ်ဖြင့် Wearing Apparel အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်း၌ ရာခိုင်နှုန်းပြည့်ရောင်းချမည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ ( NS Grout, AquaCem 100, Patch Ease, Gripmate Silver, Putty, Floor Hardener) ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် Wool Fiber & Yarn ထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် ဆံပင်တုအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း၊ CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်း၊ စက္ကူ တံဆိပ်ရိုက်ခြင်း ဝန်ဆောင်မှုလုပ်ငန်းနှင့် ပြည်တွင်း၌ ရာခိုင်နှုန်းပြည့်ရောင်းချမည့် အထည်ချုပ်လုပ်ငန်းတွင် အသုံးပြုသော ပလတ်စတစ်အိတ် အမျိုးမျိုး ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းတို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ကျပ် ၁,၅၀၀ သန်း (ကျပ်သန်းတစ်ထောင့်ငါးရာ) နှင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၉ သန်း(အမေရိကန်ဒေါ်လာ ခုနစ် ဒသမ ခြောက်ကိုးသန်း) ဖြစ်ပြီးပြည်တွင်းအလုပ်အကိုင်အခွင့် အလမ်း ၅,၂၅၅ ဦး အတွက် အလုပ်အကိုင်ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source: Popular News Journal**

## မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၊ ရွာသစ်ကျေးရွာ၌ မြေပဲများလှိုင်လှိုင်ထွက်ပေါ်၍ ဈေးကောင်းရရှိ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၊ ရွာသစ်ကျေးရွာ တွင် ကြက်သွန်နီ၊ပဲမျိုးစုံနှင့် ဆီထွက်သီးနှံမြေပဲ၊နှမ်း၊နေကြာတို့ကို အဓိက စိုက်ပျိုးလျက်ရှိပြီး ဆီထွက်သီးနှံဖြစ်သည့်မြေပဲကိုလည်းစိုက်ဧက ၃၅ ဧက ခန့်စိုက်ပျိုးထားကြောင်း သိရသည်။

မြေပဲကို ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး နှိုဝင်ဘာလ၊ ပထမပတ်တွင် စတင်တူးဖော်ရ ကြောင်း၊ မြေပဲမျိုးအနေဖြင့် မြေပဲလုံး ဆန်ဖြူ S1မျိုးကို ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြောင်း၊ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစုနှင့်အလုပ်သမားခ အပါအဝင်တစ်ကေလျှင်ကျပ် ၈ သိန်းခန့်ကုန်ကျကြောင်း၊အထွက်နှုန်းအနေဖြင့်မြေပဲတစ်ကေလျှင် ၄၅ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် မြေပဲအတောင့်တစ်တင်းလျှင် ငွေကျပ် ၃၃,၀၀၀ - ၄၁,၀၀၀ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ငွေကျပ် ၁၀ သိန်းခန့်အမြတ်ရရှိကြောင်း၊ ယခုအချိန်တွင်ဧရာဝတီမြစ်ကမ်းဘေးရှိ ကိုင်းကျွန်းမြေနုများတွင် ဆောင်းမြေပဲသီးနှံများ စိုက်ပျိုးချိန်ဖြစ်၍ မြေပဲဆန်မျိုးများ အရောင်းအဝယ်ဖြစ်လျက်ရှိပြီး မြေပဲဆန်မျိုးတစ်ပြည်လျှင် ငွေကျပ် ၈,၅၀၀ - ၁၀,၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ယခုနှစ်တွင်မြေပဲအထွက်နှုန်းနည်းပါးသော်လည်းသီးနှံပေါ်ချိန်တွင်ယခင်နှစ်ထက်ဈေးနှုန်း ကောင်းမွန်သောကြောင့် မြေပဲစိုက်တောင်သူများ အကျိုးအမြတ်ပိုမိုရရှိကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## လက်လီဈေးကွက်ထဲ သံပရာသီးဈေးနှုန်းမြင့်မားပေမဲ့ ခြံဖြတ်ဈေးနှုန်း တစ်လုံးကို ကျပ် ၅၀ အောက်သာရရှိ




မန္တလေးလက်လီဈေးကွက်ထဲမှာ သံပရာသီးတစ်လုံးကို ပျမ်းမျှငွေ ကျပ် ၃၀၀ ကျော်အထိရှိနေပေမဲ့ ခြံဖြတ်ဈေးနှုန်းက ၅၀ အောက်ပဲရရှိနေတယ်လို့ တောင်သူတွေကပြောပါတယ်။

စက်သုံးဆီဈေးမြင့်မားပြီးသယ်ယူစရိတ်တွေအဆမတန်မြင့်တက်နေမှုကြောင့် ဈေးနှုန်းကွာဟမှုကြီးမားနေတာ ဖြစ်ပါတယ်။


"ကုန်သည်ကလာမဝယ်တော့ဘူး။ဖုန်းဆက်ပြီးလှမ်းမှာတာ။ ကားဂိတ်အထိပို့ပေးရတယ်။ ပို့ခကို တောင်သူကပေးရတာပေါ့။ ကိုယ်ကရောင်းချင် တော့လည်း ပို့ပေးရတာပဲလေ၊ ဘယ်တတ်နိုင်မလဲ။ ဈေးကတော့ အရမ်းနည်းတယ်"လို့ ကူမဲမြို့နယ် နတ်လွဲကျေးရွာက တောင်သူတစ်ဦးက ပြောပါတယ်။

လက်ရှိအချိန်မှာ သံပရာသီးအလုံးရေ ၈၀၀ ကနေ ၁၀၀၀ ကြားရှိတဲ့ တစ်အိတ်ကို ငွေကျပ် ၅၀,၀၀၀ ပဲရရှိပြီး စိုက်ခင်းကနေ ကားဂိတ်အရောက်သယ်ယူပို့ဆောင်ခက တစ်အိတ်ကိုပျမ်းမျှ ၃၀၀၀ ဝန်းကျင်ရှိပြီး ခူးဆွတ်ခအနေနဲ့ ကျပ် ၄၀၀၀ အထိရှိတယ်လို့တောင်သူတွေကဆိုပါတယ်။

အခုလို ခြံဖြတ်ဈေးနှုန်းတွေနည်းပါးပြီးအထွေထွေကုန်ကျစရိတ်တွေ မြင့်တက်နေတဲ့အပြင်ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ကရေကြီးနစ်မြုပ်မှုကြောင့် သံပရာပင်အများအပြားပျက်စီးဆုံးရှုံးခဲ့ရတဲ့အတွက် တောင်သူတွေအနေနဲ့ အခက်တွေ့နေရတယ်လို့ သိရပါတယ်။

Source : https://htwettoe.com/

## မန္တလေးဈေးကွက်အတွင်း အောင်ပန်းမှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



မန္တလေးဈေးကွက်အတွင်း အောင်ပန်းမှထွက်ရှိသည့် ကြက်သွန်ဖြူများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်းနိုဝင်ဘာလနောက်ဆုံးပတ်မှစ၍အောင်ပန်းမှထွက်ရှိသည့် ကြက်သွန်ဖြူများအရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ ယခုလက်ရှိတွင် ကြက်သွန်ဖြူများကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပနိုင်ငံများကလည်း မှာယူမှုများရှိကြောင်း သိရသည်။

“အခု မန္တလေးဈေးကွက်ထဲ အောင်ပန်းဘက်ကနေထွက်ရှိတဲ့ ကြက်သွန်ဖြူတွေကို ကုန်သည်တွေက အဝယ်တော်တော်များလာတယ်။ ပြည်တွင်းကော ပြည်ပကပါ ကြက်သွန်ဖြူတွေ အဝယ်လိုက်လာတာကြောင့် မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကသိသိသာသာကို ကောင်းမွန်လာပါတယ်” ဟု ၎င်းက ပြောပြသည်။

အောင်ပန်းဘက်မှ ထွက်ရှိသည့် ကြက်သွန်ဖြူများမှာ မန္တလေးဈေးကွက်အတွင်းလက်ရှိပေါက်ဈေးအရ ကြက်သွန်ဖြူ တစ်ပိဿာလျှင် ငွေကျပ် ၁၈,၀၀၀ ခန့်ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

“အခုလက်ရှိ အောင်ပန်းဘက်ကနေ မန္တလေးကိုတင်ပို့တဲ့ ကြက်သွန်ဖြူတွေကို ရန်ကုန်နဲ့အခြားမြို့ကြီးတွေကို ပြန်ပြီးတင်ပို့နေရပါတယ်။ မန္တလေးဈေးကွက်အတွင်းမှာ ကြက်သွန်ဖြူတွေလက်ကျန်ရှားပါးနေပေမဲ့ဈေးကတော့ ပုံမှန်အနေအထားမှာပဲရှိပါတယ်” ဟု ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

**Source: ရတနာပုံ သတင်းစာ**

## ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ပန်းဂေါ်ဖီများ စတင်ထွက်ပေါ်၍ အရောင်းအဝယ်ကောင်း



ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မီးလောင် အုပ်စုအင်္ဂလိုင်ဂန်ကျေးရွာတွင် ပန်းဂေါ်ဖီများ စိုက်ပျိုးထားရှိပြီး လက်ရှိအချိန်တွင် ပန်းဂေါ်ဖီများ စတင်ထွက်ပေါ်၍အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပန်းဂေါ်ဖီကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပန်းဂေါ်ဖီကျောက်စိမ်းမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအနေဖြင့် ပန်းဂေါ်ဖီ မျိုးစေ့များကိုပျိုးထောင်၍ ပျိုးပင်သက်တမ်း ၄၅ ရက်သားအရွယ် တွင် စိုက်ပေါင်ပေါ်သို့ချ၍ စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစုနှင့် အလုပ်သမားခ အပါအဝင် ပန်းဂေါ်ဖီတစ်ကေလျှင် စုစုပေါင်း ငွေကျပ်သိန်း ၂၀ ခန့် ကုန်ကျကြောင်း၊ ပန်းဂေါ်ဖီကို စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် ခူးဆွတ်နိုင်ပြီး တစ်ကေလျှင် ပန်းဂေါ်ဖီ အပွင့်ရေ ၁၀,၀၀၀ - ၁၂,၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်း အနေဖြင့် ပန်းဂေါ်ဖီအကြီး၊ အလတ်၊ အသေးအရွယ်အစားအပေါ်မူတည်၍ တစ်ပွင့်လျှင် ငွေကျပ် ၈၀၀-၄၀၀-၃၀၀နှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ပန်းဂေါ်ဖီတစ်ကေလျှင် ငွေကျပ် သိန်း ၂၀ ခန့်အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းသီးနှံပွဲစားများက စိုက်ခင်းအထိလာရောက်ဝယ်ယူ၍ ဒေသတွင်းရောင်းချမှုအပြင် ရန်ကုန်မြို့နှင့်ပြည်မြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပန်းဂေါ်ဖီစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များရရှိသောကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိကြောင်း ပန်းဂေါ်ဖီစိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source: ကြေးမုံသတင်းစာ**

## အာဆီယံ - ကိုရီးယားဒေသတွင်း အကျိုးပြုမည့် ဆန်းသစ်သည့် စီးပွားရေးမြှင့်တင်နိုင်ရန် ဆွေးနွေး

အာဆီယံ-ကိုရီးယားဒေသတွင်းကို အကျိုးပြုသော ဆန်းသစ်သည့်စီးပွားရေးကို မြှင့်တင်နိုင်ရန်ဆွေးနွေးခဲ့ကြသည့် အာဆီယံ-ကိုရီးယားနေ့အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အာဆီယံ-ကိုရီးယားနေ့အခမ်းအနားကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ကိုရီးယားသမ္မတနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးတွဲကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ကိုရီးယားသမ္မတနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့မှကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့်ဖိတ်ကြားထားသောဧည့်သည်တော်များပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။




အခမ်းအနားကို "Towards Enhanced ASEAN-ROK Partnership in Creative Economy" ခေါင်းစဉ်အောက်တွင် အစီအစဉ် ၄ ခုအဖြစ် အာဆီယံ- ကိုရီးယားဆန်းသစ်သော စီးပွားရေး မိတ်ဖက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၊ ဆန်းသစ်သောကဏ္ဍဆိုင်ရာ စကားဝိုင်း၊ အာဆီယံ-ကိုရီးယား ဆန်းသစ်မှုပြပွဲနှင့်ဖျော်ဖြေပွဲတို့ဖြင့် ကျင်းပလျက်ရှိကြောင်း သိရသည်။

ထို့ပြင် အာဆီယံ-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များမှ တစ်ဆင့် အာဆီယံဒေသတွင်းကိုအကျိုးပြုသောဆန်းသစ်သည့် စီးပွားရေးကိုမြှင့်တင်နိုင်ရန်နှင့် ယင်းသို့မြှင့်တင်ခြင်းမှတစ်ဆင့် အာဆီယံဒေသတွင်း၌ရရှိလာမည့်အခွင့်အလမ်းများပေါ်လည်း ထည့်သွင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**Source : Popular News Journal**

## ၂၀၂၄ ခုနှစ်အတွင်း ထိုင်းပို့ကုန်တိုးတက်မှုသည် ၄ ရာခိုင်နှုန်းသို့ ရောက်ရှိနိုင်ကြောင်း ကုန်သွယ်ရေးမူဝါဒနှင့်မဟာဗျူဟာရုံးက ပြောကြားခဲ့

ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံများ၏ စီးပွားရေးပြန်လည်ကောင်းမွန်မှုနှင့် ကမ္ဘာ့ငွေကြေးမူဝါဒများ ဖြေလျှော့လာမှုတို့ကြောင့် ယခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ပို့ကုန်သည် ၄ ရာခိုင်နှုန်းတိုးတက်နိုင်ကြောင်းကုန်သွယ်ရေးမူဝါဒနှင့်မဟာဗျူဟာရုံးကပြောကြားခဲ့သည်။

အောက်တိုဘာလအတွင်း ပို့ကုန်သည်အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၂ ဘီလီယံရှိခဲ့သဖြင့်၁၄ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့ပြီး ၄ လဆက်တိုက် တိုးတက်မှုရှိခဲ့ကြောင်း၊ သွင်းကုန်သည် အမေရိကန် ဒေါ်လာ ၂၈ ဘီလီယံရှိခဲ့သဖြင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၇၉၄ သန်း ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၁၀ လအတွင်း ထိုင်းပို့ကုန်သည် အမေရိကန်ဒေါ်လာ ၂၅၀ ဘီလီယံသို့ရောက်ရှိခဲ့ပြီး သွင်းကုန်သည် အမေရိကန်ဒေါ်လာ ၂၅၇ ဘီလီယံရှိခဲ့သဖြင့် ကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ဘီလီယံဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် ပို့ကုန်အလားအလာသည် ၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့သဖြင့် နှစ်စဉ်တိုးတက်မှု ၂ ရာခိုင်နှုန်းထက်ကျော်လွန်ခဲ့ပါကြောင်း၊ ပို့ကုန်တိုးတက်မှု၏အဓိကအချက်များမှာ အဓိကကုန်သွယ်ရေးမိတ်ဖက်များ၏ စက်မှုကဏ္ဍပြန်လည်ကောင်းမွန်လာမှု၊ကမ္ဘာ့ငွေကြေးမူဝါဒများဖြေလျှော့မှု၊ ပိတ်ရက်ကာလများအတွင်းစိုက်ပျိုးရေးနှင့်အစားအစာကုန်စည်ပို့ကုန်များတိုးတက်မှုနှင့်သင်္ဘောတင်ပို့ခများကျဆင်းမှုကြောင့် ထောက်ပံ့ပို့ဆောင်ရေးစရိတ်များ လျှော့နည်းလာမှုတို့ကြောင့်ဖြစ်ကြောင်း ကုန်သွယ်ရေးမူဝါဒနှင့် မဟာဗျူဟာရုံးက ညွှန်ကြားရေးမှူးချုပ် Mr. Poonpong Naiya-napakorn က ပြောကြားခဲ့သည်။

ဇန်နဝါရီလအတွင်း ဒေါ်နယ်ထရမ့် အလုပ်တာဝန်ထမ်းဆောင်ပါက အမေရိကန်ကုန်သွယ်မှုမူဝါဒများမသေချာမှု၊ ငွေလဲနှုန်းအတက်အကျဖြစ်မှု၊ လက်ရှိပထဝီဝင်နိုင်ငံရေးတင်းမာမှုများနှင့် အိန္ဒိယဆန်ပို့ကုန်မူဝါဒအပြောင်းအလဲများ၏ သက်ရောက်မှုအလားအလာစသည့် စိန်ခေါ်မှုများတည်ရှိနေပါကြောင်း၊ယင်းအချက်များကိုဖြေရှင်းရန်ထိရောက်သောမဟာဗျူဟာများ ချမှတ်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စောင့်ကြည့်နေပါကြောင်း၊ဆန်၊ ရော်ဘာ၊လတ်ဆတ်နှင့် အေးခဲကြက်သား၊ ပင်လယ်စာစည်သွပ်ဘူးများ၊ တိရစ္ဆာန်အစာနှင့် ပြုပြင်ပြီးနှင့် သစ်သီးစည်သွပ်ဘူးပို့ကုန်များ တိုးတက်မှုရှိခဲ့ပြီး လတ်ဆတ်၊

အေးခဲနှင့်သစ်သီးခြောက်ကြော်ကြော်သား၊ ပီလောပီနံထုတ်ကုန်များသကြားတိရစ္ဆာန်နှင့်ဟင်းသီးဟင်းရွက်ဆီ ပို့ကုန်များကျဆင်းခဲ့ကြောင်း သိရသည်။

ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ရော်ဘာထုတ်ကုန်များ၊ ယန္တရားများ၊ ဓာတုပစ္စည်းများ၊ ပလတ်စတစ်အလုံးများ၊ သံ၊ သံမဏိနှင့်ဆက်စပ်ပစ္စည်းများ၊ လေအေးပေးစက်နှင့်ဆက်စပ်ပစ္စည်းများ၊ ထရန်စဖော်မာများဖြစ်ကြောင်း၊ မော်တော်ကားနှင့်ဆက်စပ်ပစ္စည်းများ၊တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ထရန်စစ်စတာများနှင့်ဒိုင်အုတ်ပို့ကုန်များကျဆင်းခဲ့ကြောင်း သိရသည်။

အစိုးရနှင့်ပုဂ္ဂလိကအဖွဲ့အစည်းတို့အကြားပူးပေါင်းဆောင်ရွက်မှုကြောင့်အောက်တိုဘာလအတွင်းပို့ကုန်သည် ၁၉ လ အတွင်း အမြင့်ဆုံးစံချိန်တင်နိုင်ခဲ့ကြောင်း၊ကျန်လများအတွင်း ပို့ကုန်တန်ဖိုးသည် ၁ လလျှင်အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံရရှိခဲ့ပါက ပို့ကုန်သည် ၄ ရာခိုင်နှုန်း တိုးတက်နိုင်ကြောင်းThai National Shippers' Council ဥက္ကဋ္ဌ Mr. Chaichan Chareonsuk က သုံးသပ်ပြောကြားခဲ့သည်။

**Source:** www.bangkokpost.com

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/article/Naypyitawstp_291120241019

## လာအိုနိုင်ငံအတွင်းသို့ ယခုနှစ် ပထမ ၁၀ လအတွင်း ပြည်ပခရီးသွား ၃ ဒသမ ၃ သန်းဝင်ရောက်



လာအိုနိုင်ငံအတွင်းသို့ယခုနှစ်ပထမ ၁၀ လအတွင်း ပြည်ပခရီးသွား ၃ ဒသမ ၃ သန်း ဝင်ရောက်ခဲ့ပြီး ယမန်နှစ်အလားတူကာလကထက် အရေအတွက်အားဖြင့် ၁၉ ရာခိုင်နှုန်းမြင့် တက်လာခဲ့ကြောင်းနိုဝင်ဘာလ ၂၈ ရက်တွင်လာအိုနိုင်ငံပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနကပြောကြားသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ထိုင်း၊ဗီယက်နမ်နှင့် တရုတ်နိုင်ငံမှ ခရီးသွားများ လာအိုနိုင်ငံအတွင်းသို့ အများဆုံးလာရောက်ခဲ့ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

၂၀၂၄ ခုနှစ်တွင်ကျရောက်သည့်လာအိုခရီးသွားနှစ်အတွင်း လာအိုအစိုးရသည် ပြည်ပနိုင်ငံအများအပြားမှ ခရီးသွားများကို ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့်ပြုခဲ့ပြီးနိုင်ငံအတွင်းသို့ လာရောက်ရန်ဆွဲဆောင်ခဲ့သည်။

၂၀၂၄ ခုနှစ် လာအိုခရီးသွားနှစ်ဆိုင်ရာကြိုးပမ်းမှုအဖြစ်ခရီးသွားလုပ်ငန်းတာဝန်ရှိသူများသည်ဟိုတယ်များ၊ တည်းခိုရိပ်သာများ၊စားသောက်ဆိုင်များအပါအဝင် ခရီးသွားနေရာများကို အဆင့်မြှင့်တင်ခဲ့ကြောင်း သိရသည်။

လာအိုအစိုးရအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း ခရီးသွားလုပ်ငန်းကဏ္ဍကိုမြှင့်တင်ရာတွင် ကဏ္ဍပေါင်းစုံနှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကာ အစိုးရ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်မည်ဟု လာအိုနိုင်ငံအမျိုးသားလွှတ်တော်အစည်းအဝေးတွင် ဝန်ကြီးချုပ် ဆိုနီဆေးဆီဖန်ဒုံးက ပြောကြားသည်။

**Source : ဆင်ဟွာ**

**ကြေးမုံသတင်းစာ**

## ထိုင်းနိုင်ငံအစိုးရ၏ လျှပ်စစ်မော်တော်ကားမူဝါဒကြောင့် ပြင်သစ်တာယာပြုလုပ်သူ Michelin ကုမ္ပဏီက ထိုင်းနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့

ထိုင်းနိုင်ငံ၏ ပြည်တွင်းမော်တော်ကားရောင်းဝယ်မှု အားနည်းနေသော်လည်း အစိုးရ၏ လျှပ်စစ်မော်တော်ကားမူဝါဒများမှ အကျိုးကျေးဇူးရရှိနိုင်ရန်ရည်ရွယ်၍ ပြင်သစ်တာယာထုတ်လုပ်သူ Michelin ကုမ္ပဏီက ၎င်း၏ ရင်းနှီးမြှုပ်နှံမှုကို ထိုင်းနိုင်ငံတွင်း တိုးချဲ့သွားရန်ရှိကြောင်း ပြောကြားခဲ့သည်။

ကုမ္ပဏီအနေဖြင့် တီထွင်ဆန်းသစ်သောကုန်ပစ္စည်းများနှင့် နည်းပညာများကို မိတ်ဆက်ခြင်းဖြင့် ရောင်းအားကို တိုးမြှင့်သွားလိုကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးခြင်းနှင့် ကုန်ပစ္စည်းများကို အဆင့်မြှင့်တင်ခြင်းတို့တွင် ဆက်လက်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း၊ ယခင်ဝန်ကြီးချုပ် Mr. Srettha Thavisin ပြင်သစ်သို့ လာရောက်ခဲ့သည့် ခရီးစဉ်တွင် ဆွေးနွေးမှုများရှိခဲ့ပါကြောင်း၊ ကုမ္ပဏီသည် တာယာပြုလုပ်ရန် ၁ နှစ်လျှင် ရော်ဘာတန်ချိန် ၇၀၀ ဘီလီယံကျော် အသုံးပြုပါကြောင်း၊ ကုမ္ပဏီအနေဖြင့် လာမည့် ၃ နှစ်အတွင်း ထိုင်းနိုင်ငံ၌ ၎င်း၏ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကိုတိုးချဲ့သွားရန် စီစဉ်ထားပါကြောင်း၊ ၁၉၈၇ ခုနှစ်မှစ၍ ထိုင်းနိုင်ငံတွင် စတင်တည်ထောင်ခဲ့သော Michelin သည် စက်ရုံ ၅ ရုံနှင့် အလုပ်သမား ၈၀၀၀ ကျော်ဖြင့်လည်ပတ်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုးဘတ် ၅၀ ဘီလီယံရှိပါကြောင်း ကုမ္ပဏီဒါရိုက်တာ Mr. Cyrille Roget က ပြောကြားခဲ့သည်။

စက်ရုံများမှ ၁ နှစ်လျှင် တာယာ ၉ ဒသမ ၁ သန်း ထုတ်လုပ်လျက်ရှိပြီး ၁၆ သန်းထိ တိုးမြှင့် ထုတ်လုပ်နိုင်ကြောင်း၊ စက်ရုံမှ ထွက်ရှိသော ကုန်ပစ္စည်းများ၏ ၆၀ ရာခိုင်နှုန်းကို တင်ပို့လျက်ရှိပြီး ပြည်တွင်း၌ ၄၀ ရာခိုင်နှုန်းရောင်းချပါကြောင်း၊ မော်တော် ကား စက်မှုနှေးကွေးနေသဖြင့် တာယာစက်မှုအပေါ် သက်ရောက်မှုရှိသော်လည်း အစိုးရ၏ လျှပ်စစ်မော်တော်ကားမက်လုံးပေး မူဝါဒကြောင့် တာယာအတွက် ဝယ်လိုအားတိုးတက်လာနိုင်ကြောင်း၊ အိမ်ထောင်စုကြွေးမြီမြင့်တက်လာသောကြောင့် မော်တော် ကား ချေးငွေအပေါ်ဘဏ်များ၏သတ်မှတ်ချက်တင်းကျပ်လာသဖြင့်ပြည်တွင်းမော်တော်ကားရောင်းအားကျဆင်းလျက်ရှိကြောင်း ထုတ်လုပ်မှုလုပ်ငန်းစိတ် ဒုတိယဥက္ကဋ္ဌ Mr. Thirapol Muengnao က ဖြည့်စွက်ပြောကြားခဲ့သည်။

ကုမ္ပဏီအနေဖြင့် ကမ္ဘာအဝှမ်းရှိ ၎င်း၏တာယာထုတ်လုပ်ခြင်းများတွင် ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများ အသုံးပြုခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစံနှုန်းများကိုခိုင်ခိုင်မာမာလက်ခံကျင့်သုံးလျက်ရှိပါကြောင်း၊လက်ရှိတွင်ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများကို ၃၀ ရာခိုင်နှုန်းအသုံးပြုလျက်ရှိပြီး ၂၀၅၀ ပြည့်နှစ်တွင် ၁၀၀ ရာခိုင်နှုန်းထိ တိုးမြှင့်အသုံးပြုနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source: www.bangkokpost.com**

**စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့**

**https://myantrade.gov.mm/article/Naypyitawstp_291120241002**

# STOCK EXCHANGE (29.11.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 29th Nov. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,468 (Shares) | 8,591,350 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 284 | 2,414,000 | 33,109,694 | 281,432 |
| MTSH | 00002 | 3,200 | -100 | -3.03% | 3,300 | 3,300 | 3,200 | 1,056 | 3,384,800 | 38,929,150 | 124,573 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 0 | 0 | 10,400,986 | 87,368 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 1 | 2,000 | 29,664,613 | 59,329 |
| TMH | 00005 | 3,100 | +0 | +0.00% | 3,100 | 3,150 | 3,100 | 5 | 15,650 | 12,823,224 | 39,752 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 564 | 960,150 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 5 | 22,500 | 10,497,598 | 47,239 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,200 | 3,250 | 3,200 | 553 | 1,792,250 | 23,804,946 | 77,366 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 29th Nov. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 398.70 | -2.06 | -0.51% | 400.13 | 401.10 | 398.70 | 2,468 | 8,591,350 | 8 | 752,019 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 29th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 2,469 (Shares) | 8,594,750 (MMK) |

### Main Board

As of 1:00 pm, 29th Nov. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,468 (Shares) | 8,591,350 (MMK) |

| MYANPIX | 398.70 ▼ 2.06 |
|---|---|
| Total Volume (shares) | 2,468 |
| Total Value (MMK) | 9 mil |
| Listed Company | 8 |
| Market Cap. (MMK) | 752,019 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,200 | ▼ 100 |
| MCB | 00003 | 8,400 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 3,100 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,250 | ▲ 0 |